# မြန်မာနိုင်ငံကြက်ခြေနီအသင်း
# COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီနေကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများအတွက် လမ်းညွှန်ချက် (၃ / ၂၀၂၀ )

## ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် COVID-19 ရောဂါသည် ဒုတိယလှိုင်းအသွင်ဖြင့် ပြည်တွင်းကူးစက်မှုများ မြန်ဆန်စွာ ဖြစ်ပွားလျက်ရှိပြီး ဌာနချုပ်/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များတွင် ကာကွယ် ထိန်းချုပ်ရေးနှင့် တုန့်ပြန်ရေး လုပ်ငန်းစဉ်များအား ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်း များက နေ့ညမရွေး စွမ်းစွမ်းတမံ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်ကို ဂုဏ်ယူစွာ တွေ့ရှိ ရပါသည်။

ထိုကဲ့သို့ ပါဝင်ကူညီဆောင်ရွက်ရာတွင် မလိုလားအပ်သော ရောဂါပိုးကူးစက်မှုများနှင့် ထိခိုက် နစ်နာမှုများ မရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ အသင်း၏ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ် ပါသည်။

## ၂။ တာဝန်ပေးအပ်ခြင်း

မိမိဆန္ဒအလျောက် အဆိုပြုထားသော ကြက်ခြေနီစေတနာလုပ်အားရှင်များမှ အောက်ပါ ပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးအပ်သင့်ပါသည်-

(က) အသက် (၁၆) နှစ်မှ (၆၀)နှစ်အတွင်းရှိသူ

(ခ) သွေးတိုး၊ ဆီးချိုကဲ့သို့ နာတာရှည်ရောဂါနှင့် အဝလွန်ရောဂါမရှိသူ

(ဂ) COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လေ့လာထားသူ

(ဃ) သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူ

## ၃။ လုပ်ငန်းလမ်းညွှန်

ကြက်ခြေနီစေတနာလုပ်အားရှင်နှင့် ဝန်ထမ်းများ အားလုံးသည် ကြက်ခြေနီအခြေခံမူ (၇)ချက်နှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ကြရန်နှင့် အများပြည်သူ၏ စံနမူနာပြအနေဖြင့် အောက်ပါအချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသည်-

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါနှင့် ပတ်သက်သော ညွှန်ကြားချက် များ၊ နည်းလမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ခ) COVID-19 ရောဂါနှင့်ပတ်သက်သော အချက်အလက်များ၊ ကူးစက်နိုင်သော နည်းလမ်း များနှင့် ကာကွယ်နိုင်သော နည်းလမ်းများကို သိရှိနားလည်အောင် လေ့လာထားရမည်။

(ဂ) တာဝန်ထမ်းဆောင်ချိန်များတွင် အသိအမှတ်ပြုကတ်ပြား (အသင်းသား/ တပ်ဖွဲ့ဝင်/ ဝန်ထမ်း) ပါရှိရမည်။

(ဃ) တာဝန်ထမ်းဆောင်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျဖြင့် မဖြစ်မနေ တပ်ဆင်ရမည်။

(င) တာဝန်ထမ်းဆောင်ပြီးနောက် မိမိတို့ ဝတ်ဆင်ထားသော အဝတ်အထည်များ (ယူနီဖောင်းများ၊ အေပရွန်များ စသည်...)ကို ဆပ်ပြာဖြင့် မိနစ် (၃၀) ကြာစိမ်ပြီး နေ့စဉ်လျှော်ဖွတ်ကာ လဲလှယ်ဝတ်ဆင်ရမည်။

(စ) တာဝန်ထမ်းဆောင်သူအချင်းချင်း အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများကို လဲလှယ် အသုံးပြုခြင်း မပြုလုပ်ရ။

(ဆ) တစ်ကိုယ်ရည်သန့်ရှင်းမှု/ ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထူးဂရုပြုနေထိုင်ရမည်။

(ဇ) တာဝန်ထမ်းဆောင်ရာတွင် မိမိတစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒဖြင့် သွားရောက် ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ရ။

(ဈ) တာဝန်ထမ်းဆောင်မှု အခြေအနေများကို စနစ်တကျ မှတ်တမ်းရေးသွင်းထားရမည်။

(ည) **သံသယလက္ခဏာများ ဖြစ်ပေါ်ပါက ဆက်လက် တာဝန်ထမ်းဆောင်ခြင်းမပြုပဲ တာဝန်ရှိသူများထံ ချက်ချင်း အကြောင်းကြားရမည်။**

(ဋ) အသင်းတံဆိပ်နှင့် အသင်းမှသတ်မှတ်ထားသော အမှတ်အသားများမှအပ အများ ပြည်သူ အထင်အမြင်လွဲမှားနိုင်သော အခြားမည်သည့် တံဆိပ်ကိုမှ တပ်ဆင်ခြင်း၊ ဝတ်ဆင်ခြင်း မပြုလုပ်ရ။

(ဌ) အသင်း၏ ဂုဏ်သိက္ခာ ကျဆင်းစေနိုင်သော အပြုအမူ၊ အပြောအဆို၊ အရေးအသား များကို ရှောင်ကြဉ်ကြရမည်။

(ဍ) တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကြက်ခြေနီလှုပ်ရှားမှု၊ ပုံရိပ်ကို ညှိုးနွမ်းစေမည့် မည်သည့် ကိစ္စရပ်မျိုးကိုမဆို မပြုလုပ်ရ။

(ဎ) ကြက်ခြေနီနှင့် မသက်ဆိုင်သော တားဆီးပိတ်ပင်ခြင်း၊ လုံခြုံရေး၊ ဖမ်းဆီးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

(ဏ) ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများမှ သွေဖီသော မည့်သည့်လုပ်ငန်းများကိုမှ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

(တ) လူသားချင်းစာနာထောက်ထားခြင်းကို ထိခိုက်စေသော အသုံးအနှုန်းများ၊ ဓါတ်ပုံများ၊ ဗီဒီယို များ၊ ပြစ်တင်ရှုံ့ချသည့် အရေးအသား၊ အပြောအဆိုများကို ရှောင်ကြဉ်ရမည်။

(ထ) လုပ်ငန်းဆောင်ရွက်ရာ လူနာများ၏ ခွင့်ပြုချက်မရှိပဲ ဓါတ်ပုံ၊ ဗီဒီယို ရိုက်ကူးခြင်းများ မပြုလုပ်ရ။

(ဒ) ကြိုတင်ခွင့်ပြုထားခြင်းမရှိပါက သတင်းမီဒီယာများနှင့် အင်တာဗျူး မပြုလုပ်ရ။ ပြောရေးဆို ခွင့်ရှိသူထံ ဆက်သွယ်ပေးရမည်။

(ဓ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားခြင်း မရှိသောကိစ္စရပ်များကို မိမိတို့ အထင်အမြင်ဖြင့် ဝေဖန်ပြောဆို ရေးသားခြင်း မပြုရ။

## ၄။ လိုက်နာကျင့်သုံးခြင်း

COVID-19 ရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် အောက်ပါနည်းလမ်း (၃) ခုကို အစဉ်အမြဲ လိုက်နာကျင့်သုံးရမည်-

(က) တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း (ထမင်းစားချိန်အပါအဝင်)

(ခ) လက်ဆေးခြင်း

(ဂ) ရောဂါကာကွယ်ရေးပစ္စည်းများကို စနစ်တကျ အသုံးပြုခြင်း

## ၅။ လုပ်ငန်းတာဝန်နှင့် အခန်းကဏ္ဍ

COVID-19 ရောဂါကူးစက်ခံရခြင်းနှင့် ထိခိုက်မှုနည်းပါးစေရန် လုပ်ငန်းလမ်းညွှန်ချက်အပြင် အောက်ပါ အခန်းကဏ္ဍများအလိုက် ညွှန်ကြားချက်များကိုလည်း တိကျစွာ လိုက်နာကြရမည် -

(က) အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခြင်း

(ခ) မြို့/ကျေးရွာ အဝင်အထွက်နေရာများတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ မှတ်တမ်းရေးသွင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း

(ဂ) လူနာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း

(ဃ) အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်း (Quarantine Center) များတွင် ကူညီဆောင်ရွက်ခြင်း

(င) COVID-19 ကုသရေးဌာနများတွင် ကူညီဆောင်ရွက်ခြင်း

## (က) အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခြင်း

အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခြင်းသည် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ COVID-19 ကာကွယ်ထိန်းချုပ်ရေး ကော်မတီများမှ တရားဝင်ထုတ်ပြန်သော သတင်း အချက်အလက်များကို အများပြည်သူမှ အချိန်နှင့်တပြေးညီ သိရှိလိုက်နာနိုင်စေရန် ကူညီဆောင်ရွက် ပေးခြင်း ဖြစ်ပါသည်။

(၁) အသိပညာပေး ဆောင်ရွက်ရာတွင် လက်ကမ်းစာစောင် ဝေငှခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ဝေငှခြင်းထက် **နံရံကပ် ပိုစတာကပ်ခြင်း၊ မြေစိုက်ပိုစတာ စိုက်ထူခြင်း၊ အသံချဲ့စက် အသုံးပြု၍ ကြေညာခြင်းစသည့် အသိပညာပေး နည်းလမ်း များကို ဦးစားပေး ဆောင်ရွက်ကြရမည်။**

(၂) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စံနမူနာပြအနေဖြင့် စနစ်တကျ အမြဲတပ်ဆင် ထားရမည်။

(၃) ဆပ်ပြာနှင့် ရေကို အသုံးပြု၍ဖြစ်စေ၊ အယ်လ်ကိုဟော အနည်းဆုံး ၆၀% ပါဝင်သော လက်သန့်ဆေးရည်ကို အသုံးပြု၍ဖြစ်စေ၊ လက်ကို မကြာခဏ ဆေးကြောရမည်။

(၄) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) များ ပေးဝေမည်ဆိုပါက ကိုယ်တိုင် တပ်ဆင်ပေး ခြင်းကို လုံးဝ မပြုလုပ်ကြပါရန်နှင့် Mask များကို ပလက်စတစ်အိတ်ဖြင့် သေချာစွာ ထုတ်ပိုးပြီးမှသာ ပေးဝေ ကြရမည်။

(၅) ပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်း ပြုလုပ်မည်ဆိုပါက တစ်ဦးနှင့် တစ်ဦး ထိတွေ့မှု မရှိရေးအတွက် အထူးဂရုပြု ဆောင်ရွက်ရမည်။

(၆) အသင်းမှ ထုတ်ပြန်ထားသော စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း နည်းလမ်းများကို အသုံးပြု၍ ကူညီဆောင်ရွက်ကြရမည်။

## (ခ) မြို့/ကျေးရွာ အဝင်အထွက်နေရာများတွင် ကိုယ်ပူချိန်တိုင်းခြင်း၊ မှတ်တမ်းရေးသွင်းခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း

အသင်း၏ လုပ်ငန်းစဉ်များအနက်မှ ရောဂါဘေးတားဆီးရန် ဟူသော လုပ်ငန်းကို ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင် များ၊ ကော်မတီများ၏ လုပ်ငန်းများကို အကူအညီပေးခြင်း ဖြစ်ပါသည်။

(၁) သက်ဆိုင်ရာ ကော်မတီများမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ အတိုင်းသာ ဆောင်ရွက်ကြရမည်။

(၂) သတ်မှတ်ထားသည့် နေရာမှသာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(၃) မိမိတို့အတွက် သတ်မှတ်ထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၄) တာဝန်ထမ်းဆောင်နေသူချင်းဖြစ်စေ၊ ပြင်ပပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ပြောဆိုထိတွေ့ခြင်းမှ ရှောင်ကြဉ်ရမည်။

(၅) တာဝန်ထမ်းဆောင်ချိန်များတွင် လိုအပ်သော အကာအကွယ်ပစ္စည်းများကို ဝတ်ဆင်ထားရမည်။

(၆) ကိုယ်ပူချိန်တိုင်းကိရိယာ အသုံးပြုပါက တစ်နေ့လျှင် တစ်ဦးတည်းမှသာ ကိုင်တွယ်အသုံးပြုရမည်။ (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရပါမည်။)

(၇) သတ်မှတ်ထားသည့် ကိုယ်အပူချိန်ထက်ကျော်လွန်နေသူ၊ တားမြစ်ထားသော ဧရိယာမှ ပြန်လည် ဝင်ရောက်လာသူများရှိပါက သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်ထံ သတင်းပေးပို့ရမည်။

## (ဂ) လူနာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း

COVID-19 ရောဂါအတည်ပြုလူနာ၊ စောင့်ကြည့်ခံ သံသယလူနာ၊ ရောဂါအတည်ပြုလူနာနှင့် အထိအတွေ့ရှိသူများကို သယ်ယူပို့ဆောင်ခြင်းကို သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ကော်မတီများ၏ အကူအညီတောင်းခံမှသာလျှင် ဆောင်ရွက်ကြရမည်။

(၁) လူနာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် စေတနာလုပ်အားရှင်များကို သီးခြား သတ်မှတ်တာဝန်ပေးရမည်။

(၂) COVID-19 ကူးစက်မှု သဘောတရားကို နားလည်ပြီး အသက်ကယ်ပြုစုခြင်းကို တတ်ကျွမ်းသူ များကို တာဝန်ပေးရမည်။

(၃) လူနာတင်ယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်မည့် ဦးရေကို ကြိုတင်သတ်မှတ်ထားရမည်။

(၄) လူနာသယ်ယူပို့ဆောင်ရာတွင် ခေါ်ဆောင်ရမည့် နေရာ၊ သွားရောက်ပို့ဆောင်ရမည့် ဆေးရုံ/ ဆေးကုသမှုဌာနသို့ တာဝန်ရှိသူများမှတဆင့် ကြိုတင်အကြောင်းကြားကာ လိုအပ်သည် များကို ပြင်ဆင်ပြီးမှသာ ကူညီဆောင်ရွက်ပေးရမည်။

(၅) လူနာကို သယ်ယူပို့ဆောင်မည့် လမ်းကြောင်းကို ရွေးချယ်ရာတွင် အချိန်တိုပြီး လူနာအတွက် သက်တောင့်သက်သာ ဖြစ်စေမည့် လမ်းကြောင်းကို ရွေးချယ်ရမည်။

(၆) လူနာတင်ယာဉ်သည် မောင်းနှင်ခန်းနှင့် လူနာခန်းကို အခန်းကန့်သတ်ထားသော သီးခြား သတ်မှတ်ထားသည့် ယာဉ်ဖြစ်ရမည်။

(၇) အကူအညီပေးမည့်သူများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ချက်များအတိုင်း ကာကွယ်ရေးဝတ်စုံ (PPE) ကို အပြည့်အစုံ ဝတ်ဆင်ရမည်။ (စနစ်တကျ ဝတ်ဆင်နည်းကို ကြိုတင်သင်ကြား လေ့ကျင့်ထားရန် လိုအပ်ပါသည်။)

(၈) ရောဂါပြင်းထန်သည့် လူနာများကို သယ်ယူပို့ဆောင်ပေးရမည်ဆိုပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပို့၍ ကျွမ်းကျင်သည့် ဆရာဝန်နှင့် သူနာပြုများ လိုက်ပါနိုင်ရန် အကူအညီ တောင်းခံပါ။

(၉) သယ်ပို့သည့်လမ်းကြောင်းတွင် မလိုအပ်ပဲ ရပ်တန့်ခြင်း၊ နားနေခြင်း မပြုလုပ်ရပါ။

(၁၀) လူနာပို့ဆောင်မည့် လူနာတင်ယာဉ်ပေါ်သို့ တာဝန်ယူဆောင်ရွက်မည့်သူမှအပ လူပိုတင်ဆောင်ခြင်း၊ လိုက်ပါခြင်း မပြုရ။

(၁၁) ပို့ဆောင်ပေးရမည့်သူများနှင့် မလိုအပ်ပဲ နီးကပ်စွာ ထိတွေ့ပြောဆို ဆက်ဆံခြင်းမှ ရှောင်ကြဉ် ရမည်။

(၁၂) မလိုအပ်ပဲ အခြားသော လူပုဂ္ဂိုလ်၊ ပရိဘောဂ၊ အသုံးအဆောင်၊ ပစ္စည်းများအား ထိတွေ့ ကိုင်တွယ်ခြင်း မပြုရ။

(၁၃) လုပ်ငန်းဆောင်ရွက်ရာ လူနာများ၏ ခွင့်ပြုချက်မရှိပဲ ဓါတ်ပုံ၊ ဗီဒီယို ရိုက်ကူးခြင်းများ မပြုလုပ်ရ။

(၁၄) လူနာပို့ဆောင်ပြီးပါက သတ်မှတ်ထားသော နေရာရောက်ရှိမှသာ ပိုးမွှားကာကွယ်ရေးဝတ်စုံ (PPE) ကို ချွတ်ရမည်။

(၁၅) လူနာတင်ယာဉ်ကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပိုးသန့်စင်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**(ဃ) အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်း (Quarantine Center) တွင် ကူညီဆောင်ရွက်ပေးခြင်း**

COVID-19 စောင့်ကြည့်ခံ သံသယရှိသူများကို ရောဂါကူးစက်မှု မရှိစေရန် အသွားအလာကန့်သတ်ထားခြင်းသာ ဖြစ်ကြောင်းကို နားလည်ထားကြရန် လိုအပ်ပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ကော်မတီများ၏ အကူအညီတောင်းခံမှသာလျှင် ဆောင်ရွက်ကြရမည်။

(၁) တာဝန်ထမ်းဆောင်မည့်သူများကို တိကျစွာ တာဝန်ခွဲဝေထားပြီး သတ်မှတ်ထားသော နေ့ရက်များအတိုင်း ကူညီဆောင်ရွက်ကြရမည်။

(၂) စခန်းတွင် သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

(၃) အဖွဲ့ခေါင်းဆောင် (သို့မဟုတ်) တာဝန်ခံ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(၄) စခန်းတွင် တာဝန်ထမ်းဆောင်ရာ၌ အတွင်းစည်း၊ အပြင်စည်း စသည်ဖြင့် တိကျစွာ ခွဲဝေထားရန် လိုအပ်ပြီး သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကိုသာ ဆောင်ရွက်ရမည်။

(၅) တာဝန်ထမ်းဆောင်ရာတွင် ရောဂါကာကွယ်ရေး ဝတ်စုံ/ပစ္စည်းများကို ဝတ်ဆင် ဆောင်ရွက်ရမည်။

(၆) တာဝန်ထမ်းဆောင်မှု အခြေအနေများကို စနစ်တကျ မှတ်တမ်းရေးသွင်းထားရမည်။

(၇) အသွားအလာ ကန့်သတ်ထားသူများကို စာနာနားလည်ပေးပြီး စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းများကို ပြုလုပ်ပေးရမည်။

(၈) စခန်းတွင်း အခြေအနေများ၊ အခြားသူများ၏ ကိုယ်ရေးအချက်အလက်များကို တာဝန်ရှိသူများ၏ ခွင့်ပြုချက်မရှိပဲ ထုတ်ဖော်ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်းများ မပြုလုပ်ရ။

(၉) ညွှန်ကြားချက်များနှင့် သတ်မှတ်ချက်များကို မထီမဲ့မြင်ပြုခြင်း၊ ပေါ့ဆစွာ ဆောင်ရွက်ခြင်း မပြုရ။

(၁၀) စခန်းတွင်း တာဝန်ထမ်းဆောင်နေသည်ဖြစ်စေ၊ နားနေသည်ဖြစ်စေ မလိုအပ်ပဲ ဝိုင်းဖွဲ့စကားပြောခြင်း၊ နေထိုင်စားသောက်ခြင်း မပြုလုပ်ရ။

(၁၁) စခန်းအတွင်း ဆေးလိပ်၊ အရက်နှင့် မူးယစ်သေစာ သောက်စားခြင်း လုံးဝမပြုလုပ်ရ။

(၁၂) ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆူညံအော်ဟစ်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများ မပြုလုပ်ရ။

(၁၃) သတ်မှတ်ထားသော ဧရိယာမှ ကျော်လွန်သွားလာခြင်း၊ စခန်းပြင်ပသို့ ခွင့်ပြုချက်မရပဲ ထွက်ခွာခြင်းများ မပြုလုပ်ရ။

(၁၄) မိမိတွင် သံသယလက္ခဏာများ ဖြစ်ပေါ်ပါက တာဝန်ရှိသူများထံ ချက်ချင်း အကြောင်းကြားရမည်။

(၁၅) မိမိတာဝန်ပြီးဆုံးပါက စခန်းတွင်းရှိ မိမိနေထိုင်ရာ ပတ်ဝန်းကျင်အား သေချာစွာ သိမ်းဆည်း ထားရှိရမည်။

## (င) COVID-19 ကုသရေးဌာနများတွင် ကူညီဆောင်ရွက်ခြင်း

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တောင်းဆိုလာပါက အသင်းဌာနချုပ်သို့ ကြိုတင် သတင်းပေးပို့ကာ ညှိနှိုင်းဆောင်ရွက်ကြရမည်။

(၂) ကြိုတင်ညှိနှိုင်းထားပြီး သတ်မှတ်ထားသည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

(၃) အသိပေးသဘောတူညီချက် (Informed Consent) အား သဘောတူလက်မှတ် ရေးထိုးထားသောသူများကိုသာ တာဝန်ပေးအပ်ရမည်။

(၄) COVID-19 ကူးစက်မှုသဘောတရားကို နားလည်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ အဖွဲ့ခေါင်းဆောင် (သို့မဟုတ်) တာဝန်ခံ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက် ကြရမည်။

(၅) တာဝန်ထမ်းဆောင်ရာတွင် ရောဂါကာကွယ်ရေး ဝတ်စုံ/ပစ္စည်းများကို စနစ်တကျ ဝတ်ဆင် ဆောင်ရွက်ရမည်။

(၆) တာဝန်ထမ်းဆောင်မှုအခြေအနေများကို စနစ်တကျ မှတ်တမ်းရေးသွင်းထားရမည်။

(၇) သတ်မှတ်ထားသော ဧရိယာမှ ကျော်လွန်သွားလာခြင်းများ၊ စခန်းပြင်ပသို့ ခွင့်ပြုချက်မရပဲ ထွက်ခွာခြင်းများ မပြုလုပ်ရ။

(၈) သံသယလက္ခဏာများ ဖြစ်ပေါ်ပါက ဆက်လက် တာဝန်ထမ်းဆာင်ခြင်းမပြုပဲ တာဝန်ရှိသူများထံ ချက်ချင်း အကြောင်းကြားရမည်။

## ၆။ အစီရင်ခံခြင်း

(က) မိမိတို့ တာဝန်ထမ်းဆောင်ပြီးစီးပါက အဖွဲ့ခေါင်းဆောင်ထံ နေ့စဉ် သတင်းပေးပို့ရမည်။

(ခ) တာဝန်ထမ်းဆောင်မှုပြီးဆုံးပါက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အဖွဲ့ခေါင်းဆောင်/အသင်းခွဲမှတဆင့် သတ်မှတ်ထားသော အစီရင်ခံစာပုံစံအတိုင်း အဆင့်ဆင့် တင်ပြရမည်။

(ဂ) တာဝန်ထမ်းဆောင်ခြင်းကို အထောက်အကူဖြစ်စေမည့် အကြံပြုချက်များကို ထည့်သွင်းနိုင်သည်။

(ဃ) ထူးခြားဖြစ်စဉ်များ ရှိပါက အချိန်နှင့်တပြေးညီ သတင်းပေးပို့ရမည်။

၇။ နိဂုံး

COVID-19 ကာကွယ်ထိန်းချုပ်ရေး ကော်မတီများ၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ လမ်းညွှန်ချက်၊ နှိုးဆော်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ လိုက်နာဆောင်ရွက်ကြပါရန်နှင့် **သတင်းပေးပို့လိုပါက ဒေါက်တာနေထက်လင်း၊ ဌာနမှူး၊ ကျန်းမာရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ဆက်သွယ် ပေးပို့ကြပါရန်** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**ကိုးကားချက်**

- Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ထုတ်ပြန်ချက်များ
- အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့မှ ထုတ်ဝေထားသော စေတနာ့ဝန်ထမ်း လက်စွဲစာအုပ် (၂၀၂၀)
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ COVID-19 ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက် (၁/၂၀၂၀) နှင့် (၂/၂၀၂၀)
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များ
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရှေးဦးပြုစုခြင်းနှင့်အန္တရာယ်ကင်းရှင်းရေးဌာန၏ စိတ်ပိုင်းဆိုင်ရာအားပေးကူညီခြင်း ညွှန်ကြားချက်များ